# မန္တလေး ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ အသိပေးကြေညာချက်

**၁။ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

**(က) စီမံကိန်းအမည်** - မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း

**(ခ) စီမံကိန်းအမျိုးအစား(ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ရန်)** - ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (မျှော်မှန်း)

**(ဂ) စီမံကိန်း၏ ရည်ရွယ်ချက်**

ဧရာဝတီမြစ်နှင့် ကပ်လျက်တွင် ဆိပ်ကမ်းအသစ်တည်ဆောက်ပြီး ခရီးသည်နှင့် ကုန်ပစ္စည်းများကို ဧရာဝတီမြစ်ကြောင်း တစ်လျှောက် တည်ရှိနေသော မြန်မာနိုင်ငံ အနှံ့ရှိမြို့များသို့ ပို့ဆောင်နိုင်ရန် ဖြစ်ပါသည်။

**(ဃ) စီမံကိန်း၏ အစိတ်အပိုင်းများ** -

က။ ဆိပ်ကမ်း အသစ်တည်ဆောက်ခြင်း။

- ကွန်တိန်နာများနှင့် သိုလှောင်ရုံများပါဝင်သော ကုန်ပစ္စည်းထားသိုရာနေရာ (၂၉၅၄ဝ စတုရန်းမီတာ)
- ဆိပ်ခံတံတား (၁၈ဝ မီတာ)
- ချဉ်းကပ်တံတားနှစ်စင်း (၂၃၈ မီတာ၊၁၈၃ မီတာ)
- အဝင်လမ်း (၃ဝ၄ မီတာ)

ခ။ ကုန်ပစ္စည်းများ သင်္ဘောပေါ် တင်ဆောင်ရန် စက်ကိရိယာများ ဝယ်ယူတပ်ဆင်ခြင်း။

**(င) စီမံကိန်းတည်နေရာ** - ဧရာဝတီ မြစ်ကမ်းတစ်လျှောက်၊ မန္တလေးမြို့

**(စ) လုပ်ငန်းဆောင်ရွက်ရန် အချိန်ဇယား**

အသေးစိတ် ဒီဇိုင်း - ၂ဝ၁၈ နှစ်အစမှစ၍ ၇လ

ဆောက်လုပ်ရေးလုပ်ငန်း ကာလ - ၂ဝ၁၈ နှစ်ကုန်မှစ၍ ၂၂.၅ လ

**၂။ သတင်းအချက်အလက်များထုတ်ဖော်တင်ပြခြင်း**

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာ အချက်အလက်များကို အများပြည်သူသို့ ထုတ်ဖော်တင်ပြခြင်းပွဲကို စီမံကိန်းအနီး တွင်ကျင်းပသွားမည် ဖြစ်ပါသည်။

## ၃။ စီမံကိန်းအဆိုပြုသူနှင့် ဆက်သွယ်ရန်လိပ်စာ

စီမံကိန်းအဆိုပြုသူသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဖြစ်ပါသည်။

<ဆက်သွယ်ရန်လိပ်စာ> အမှတ်-၄၀၀၊ အောက်ပုဇွန်တောင်၊ ရန်ကုန်မြို့။

<ဖုန်း>+၉၅-၁-၂၉၂၈၄၀ (ရုံး)၊ +၉၅-၁-၂၉၀၂၃၀ (Fax)

စီမံကိန်းနှင့် ပတ်သက်၍ သဘောထားမှတ်ချက်များ ပေးပို့လိုပါက အောက်ပါအတိုင်း လိပ်မူ၍ စာဖြင့်ရေးသားပြီး ပေးပို့နိုင်ပါသည်။

(အမည်) ဦးအောင်မျိုးခိုင်

<ရာထူး> ဒုတိယ ညွှန်ကြားရေးမှူး၊ သုတေသနနှင့် စီမံကိန်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

<အီးမေးလ်> - aungmyokhaing.77@gmail.com သို့ပေးပို့နိုင်ပါသည်။

## ၄။ စီမံကိန်းနှင့် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းနှင့် အကျုံးဝင်သည့် နောက်ဆုံးရက်စွဲ ကြေညာပြီးနောက်ပိုင်းတွင် စီမံကိန်းဧရိယာအတွင်းသို့ တရားမဝင် ဝင်ရောက်/ နေထိုင်သည့်လူများနှင့် မူလကတည်းက နေထိုင်သည့် လူများရှိလာပါက ကွဲပြား ခြားနားမှုရှိစေရန်အတွက် အကျုံးဝင်သည့် နောက်ဆုံးရက်စွဲကို သတ်မှတ်ခဲ့ပါသည်။ စီမံကိန်းနှင့် အကျုံးဝင်သည့်နောက်ဆုံးရက်စွဲမှာ ၂၀၁၇ ခုနှစ် မေလ(၃)ရက်နေ့အဖြစ် သတ်မှတ်ပြီး စီမံကိန်းဧရိယာတွင်ရှိသော လူဦးရေ၊ ကောက်ပဲသီးနှံများနှင့် အခြားပိုင်ဆိုင်မှုများကို လူထုစစ်တမ်းကောက်ယူခြင်းဖြင့် မှတ်တမ်းတင်ထားပြီးဖြစ်သည်။